Washington State Department of Social & Health Services
Transforming lives

# Temporary Assistance for Needy Families (လိုအပ်နေသောမိသားစုများအတွက် ယာယီအထောက်အပံ့၊ TANF) ကို လက်ခံရယူနေစဉ် ကလေးထောက်ပံ့မှု ရယူခြင်းအတွက် သင်၏ ရွေးချယ်ခွင့်များ

သင်သည် သင်၏စောင့်ရှောက်မှုအောက်တွင်ရှိသော ကလေးများအတွက် TANF ကို ရရှိသည့်အခါ၊ ၎င်းက သင် သို့မဟုတ် ကလေးများအတွက် ဘေးကင်းမှုမရှိခြင်းမျိုး မဟုတ်ပါက သင်သည် Department of Social and Health Service (လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ဌာန၊ DSHS)၊ Division of Child Support (ကလေးထောက်ပံ့မှု ဌာနခွဲ၊ DCS) တို့အား ကလေးထောက်ပံ့မှုကို ရယူရန် ကူညီပေးရပါမည်။ Community Services Division (အသိုက်အဝန်းဝန်ဆောင်မှုများ ဌာနခွဲ၊ CSD) သည် TANF အတွက် သတ်မှတ်ချက်ပြည့်မီမှုကို ဆုံးဖြတ်ပေးပြီး သင် သို့မဟုတ် သင့်ကလေးက TANF ကို လက်ခံရရှိသည့်အခါ အပြည့်အဝထောက်ပံ့မှု အကျိုးသက်ရောက်မှုရှိရေး ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် DCS ထံ လွှဲပြောင်းပေးပါသည်။ ထိုဝန်ဆောင်မှုများတွင် DCS ကျန်းမာရေးအာမခံ ဖြည့်ဆည်းပေးရမည့် အခြားမိဘ၏တာဝန်ကို အကျိုးသက်ရောက်မှုရှိစေခြင်းနှင့် ကလေး(များ)အတွက် အာမခံမရှိထားသည့် ဆေးဘက်ဆိုင်ရာ အသုံးစရိတ်များနှင့်ပတ်သက်သည့် ၎င်းတို့၏ ဝေစုကို ထည့်ဝင်စေခြင်းတို့ ပါဝင်နိုင်ပါသည်။

**ကလေးထောက်ပံ့မှု ရယူရန် DCS ကို ဘယ်လိုမျိုး ကူညီပေးရမှာပါလဲ။**

- ကလေး(များ)၏ မိဘ(များ)ကို ဖော်ပြပါ။
- မိဘ(များ)ကို ရှာဖွေရာတွင် ကူညီပေးသည့် အချက်အလက်များကို ကျွန်ုပ်တို့အား ပေးပါ။
- ကလေး(များ)၏ မိဘ(များ)က မည်သူဆိုသည်ကို သက်သေပြရန် ကူညီပေးပါ။

**ဖခင်ဖြစ်ကြောင်း ဖော်ပြကာ ကလေးထောက်ပံ့မှုကို ရယူရန် ဘာဖြစ်လို့ အကျိုးရှိတာပါလဲ။**

- ကလေးထောက်ပံ့မှုသည် သင့်အား ငွေကြေးပိုင်းတည်ငြိမ်မှုကို ရရှိစေသောကြောင့် ဖြစ်ပါသည်။
- ၎င်းတို့မိဘများက မည်သူဖြစ်သည်ကို သိထားခြင်းဖြင့် ကလေး(များ)၏ မိသားစု ဆေးဘက်ဆိုင်ရာမှတ်တမ်းကို ပေးစွမ်းသောကြောင့် ဖြစ်ပါသည်။
- ၎င်းသည် ကလေးအား တရားဝင် အမွေဆက်ခံပိုင်ခွင့်၊ လူမှုဖူလုံရေး၊ စစ်မှုထမ်းဟောင်း အကျိုးခံစားခွင့်များနှင့် အခြားသော အစိုးရခံစားခွင့်များကို ပေးနိုင်ပါသည်။

**ကျွန်ုပ်သည် DCS နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက ဘာဖြစ်မှာပါလဲ။**

သင်က သင်ကိုယ်တိုင်အတွက် အကျိုးခံစားခွင့်များကို လက်ခံရယူနေပြီး ကလေးထောက်ပံ့မှုရယူရန် DCS ကို ကူညီပေးခြင်းမရှိပါက၊ ငွေသားပေးအပ်မှုအတွက် သင်၏အပိုင်းကို 25% လျှော့ချလိုက်နိုင်ပါသည်။ DCS သည် သင်၏ပူးပေါင်းဆောင်ရွက်မှုမပါဘဲ ကလေးထောက်ပံ့မှု ရယူခြင်းကို လုပ်ဆောင်ပါလိမ့်မည်။

**DCS နှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း မပြုရန် မည်သည့်အချိန်က အဆင်ပြေတာပါလဲ။**

သင့်တွင် မကူညီပေးရသည့် ခိုင်လုံသောအကြောင်းရင်း ရှိနေသည်ဟု သင်၏ CSD လုပ်သားက ဆုံးဖြတ်ပါက သင်သည် သင်၏ ကလေးထောက်ပံ့မှုတွင် ကူညီပေးရန်မလိုပါ။ ခိုင်လုံသောအကြောင်းရင်း အကြောင်းပြချက်များမှာ-

- သင် သို့မဟုတ် သင်၏စောင့်ရှောက်မှုတွင်ရှိနေသော ကလေး(များ)သည် ကိုယ်ထိလက်ရောက် သို့မဟုတ် စိတ်ခံစားမှုပိုင်းဆိုင်ရာအရ ထိခိုက်လိမ့်မည်ကို သင်က ကြောက်ရွံ့နေသည်။
- အဓမ္မကျင့်ခြင်း သို့မဟုတ် သွေးရင်းစပ်ယှက်မှုကြောင့် သင့်ကလေးကို မွေးဖွားလာခဲ့သည်။
- သင်က ကလေးမွေးစားမှု အစီအစဉ်များကို စတင်ထားသည် သို့မဟုတ် သင်သည် မွေးစားမှုနှင့်ပတ်သက်၍ ကလေးနေရာချထားမှုအေဂျင်စီနှင့် တိုင်ပင်ဆွေးနွေးနေသည် (သုံးလကြာအထိ)။

**ကျွန်ုပ်တွင် မကူညီရသည့် ခိုင်လုံသောအကြောင်းရင်း ရှိကြောင်းကို ပြသရန် ကျွန်ုပ်၏ CSD လုပ်သားထံ ဘာကို ဖော်ပြပေးသင့်ပါသလဲ။**

- သင်၏ ကြောက်ရွံ့မှုများနှင့် စိုးရိမ်မှုများကို ဖော်ပြထားသည့် သင်၏ လက်မှတ်ရေးထိုးထားသော ဖော်ပြချက် (ဤဖောင်အပါအဝင်)၊ သို့မဟုတ်
- ရနိုင်မည်ဆိုပါက သင်၏ ဘေးကင်းရေးဆိုင်ရာ ပြောကြားချက်နှင့်ပတ်သက်၍ ဆေးဘက်ဆိုင်ရာ၊ ရဲဘက်ဆိုင်ရာ ထုတ်ပြန်ချက်များ၊ မိသားစု သို့မဟုတ် မိတ်ဆွေများထံမှ ဖော်ပြချက်များအပါအဝင် မည်သည့်မှတ်တမ်းမဆို။
- သင်သည် ဤစိစစ်အတည်ပြုမှုကို ဖော်ပြရန် ရက်ပေါင်း 20 အချိန်ရသော်လည်း လိုအပ်ပါက အချိန်ထပ်တောင်းနိုင်ပါသည်။

**ကျွန်ုပ်သည် ကလေးထောက်ပံ့မှုကို ရယူပြီး DCS နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုဘဲ နေနိုင်ပါသလား။**

ရပါသည်၊ သင်ရွေးချယ်နိုင်သော မတူညီသည့်အဆင့်နှစ်ခု အဆင့် အေနှင့် အဆင့် ဘီတို့ ရှိသောကြောင့် ဖြစ်ပါသည်။

- အဆင့် အေ- သင့်ကို DCS နှင့် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားလိမ့်မည် *မဟုတ်ပါ*။ ကလေးထောက်ပံ့မှုကို ရယူလိမ့်မည်မဟုတ်ပါ။
- အဆင့် ဘီ- သင့်ကို DCS နှင့် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားလိမ့်မည် *မဟုတ်သော်လည်း* ကလေးထောက်ပံ့မှုကို ရယူလိမ့်မည်ဖြစ်ပြီး သင်၏လိပ်စာကို ကာကွယ်ပေးထားပါလိမ့်မည်။

**DCS အတွက် ကလေးထောက်ပံ့မှုကို ရယူရန် ဘေးကင်းမှုမရှိတော့ပါက ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။**

- CSD နှင့် သင်၏ DCS ကလေးထောက်ပံ့မှု အရာရှိထံ ချက်ခြင်း ဆက်သွယ်ပါ။ သင်၏ အခြေအနေအသစ်အကြောင်းကို ၎င်းတို့နှစ်ဦးစလုံးအား ပြောပြပါ။
- ဤဖောင်ကို ပြည့်စုံအောင် ဖြည့်စွက်ခြင်းဖြင့် ခိုင်လုံသောအကြောင်းရင်းကို တောင်းဆိုပါ။
- သင်သည် လက်ရှိတွင် ခိုင်လုံသောအကြောင်းရင်း အဆင့် ဘီ ရှိနေပြီး အဆင့် အေသို့ ပြောင်းရန် စဉ်းစားနေပါသည်။
- နေရာရှိ သို့မဟုတ် အသိုက်အဝန်းအခြေပြု မိသားစုအကြမ်းဖက်မှုဆိုင်ရာ ရှေ့နေထံ လွှဲပြောင်းမှုကို တောင်းဆိုပါ။

**ကျွန်ုပ်သည် CSD ခိုင်လုံသောအကြောင်းရင်း ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ သဘောမတူပါက ဘာဖြစ်မှာပါလဲ။**

သင်သည် ခိုင်လုံသောအကြောင်းရင်း ဆုံးဖြတ်ချက်နှင့်ပတ်သက်သည့် စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာမှုကို တောင်းဆိုပိုင်ခွင့်ရှိပါသည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာမှုသည် ခိုင်လုံသောအကြောင်းရင်း ပြန်လည်သုံးသပ်ချက် ဖြစ်ပါသည်။ စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာမှုနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များအတွက် နောက်ဆုံးစာမျက်နှာရှိ "စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာမှု လုပ်ငန်းစဉ်" ကို ကြည့်ပါ။

ကလေးထောက်ပံ့မှု ရယူခြင်းများနှင့်ပတ်သက်၍ အကူအညီပေးခြင်းနှင့်ပတ်သက်ပြီး မေးမြန်းလိုသည်များရှိပါက၊ ဤဖောင်ကို လက်မှတ်ရေးထိုးခြင်းမပြုမီ မေးမြန်းပါ။ အောက်ပါဖော်ပြချက်များထဲမှ တစ်ခုကိုသာ ခြစ်ပါ။

☐ DCS က ကလေးထောက်ပံ့မှုကို ရယူရန်မှာ ကျွန်ုပ်နှင့် ကျွန်ုပ်၏ကလေးအတွက် ဘေးကင်းသည်ဟု ကျွန်ုပ် ယုံကြည်ပါသည်။ ကျွန်ုပ်သည် DCS အား ကလေးထောက်ပံ့မှုရယူရန် ကူညီပေးရမည်ဖြစ်ပြီး ကူညီပေးခြင်းမရှိပါက ကျွန်ုပ်၏ ငွေကြေးပေးအပ်မှုအား 25% လျှော့ချမည်ဖြစ်သည်ကို နားလည်ပါသည်။

☐ ကျွန်ုပ်တွင် မကူညီရသည့် ခိုင်လုံသောအကြောင်းပြချက် ရှိပါသည်။ နောက်စာမျက်နှာတွင် သင်၏ ကြောက်ရွံ့မှုများနှင့် စိုးရိမ်မှုများကို ဖော်ပြထားသည့် သင်၏ အကြောင်းပြချက်ကို ဖော်ပြပါ။

မိသားစုတိုင်း၏အခြေအနေက မတူညီကြပါ။ အောက်တွင် ကလေးထောက်ပံ့မှုကို ရယူရန် ဘေးကင်းမှုမရှိနိုင်သည့် အကြောင်းပြချက်(များ)ကို ဖော်ပြပေးသည့် ဘောက်စ်များအားလုံးကို ခြစ်ပေးပါ။

- ☐ ကလေး(များ)သည် တရားဝင်မွေးစားခြင်း အစီအစဉ်များနှင့် သက်ဆိုင်နေသည်။
- ☐ ကလေး(များ)သည် သွေးရင်းစပ်ယှက်မှု သို့မဟုတ် အဓမ္မကျင့်ခြင်း၏ ရလဒ်အဖြစ် မွေးဖွားလာသည်။
- ☐ ကျွန်ုပ်တွင် အုပ်ထိန်းခွင့်မရှိသောမိဘအတွက် တားမြစ်မိန့် သို့မဟုတ် ရဲဘက် အစီရင်ခံစာများ ရှိပါသည်။
- ☐ အုပ်ထိန်းခွင့်မရှိသောမိဘသည် ကျွန်ုပ် သို့မဟုတ် ကလေး(များ)ကို ထိခိုက်အောင် လုပ်ဖူးပါသည် သို့မဟုတ် ထိခိုက်အောင်လုပ်မည်ဟု
- ☐ ခြိမ်းခြောက်ထားပါသည်။ အုပ်ထိန်းခွင့်မရှိသောမိဘသည် အကြမ်းဖက်သောအပြုအမူရှိထားပါသည်။
- ☐ ကလေးထောက်ပံ့မှုကို ရယူပါက အုပ်ထိန်းခွင့်မရှိသောမိဘသည် ကလေး(များ)၏ အုပ်ထိန်းခွင့်ကိုရယူရန် ကြိုးစားလိမ့်မည်ဖြစ်ပြီး၊ ၎င်းသည် ကလေး(များ)အတွက် ဘေးကင်းသောပတ်ဝန်းကျင်ကို ဖြည့်ဆည်းပေးလိမ့်မည် မဟုတ်ပါ။
- ☐ ကလေး(များ)၏ တည်ငြိမ်နေမှုကို အနှောင့်အယှက်ဖြစ်သွားမည်ကို စိတ်ပူမိပါသည်။
- ☐ ကလေးထောက်ပံ့မှုကို ရယူပါက၊ အုပ်ထိန်းခွင့်မရှိသောမိဘသည် ရန်လိုလာနိုင်ခြေရှိပြီး ကလေး(များ)အတွက် စိတ်ဒဏ်ရာ ဖြစ်စေပါလိမ့်မည်။
- ☐ အုပ်ထိန်းခွင့်မရှိသောမိဘသည် ကျွန်ုပ် သို့မဟုတ် ကလေး(များ)ကို ထိခိုက်မှုဖြစ်စေသည့် စိတ်ကျန်းမာရေး သို့မဟုတ် မူးယစ်ဆေးစွဲခြင်း ပြဿနာများ ရှိပါသည်။
- ☐ အခြား၊ သင်၏ ကြောက်ရွံ့မှုများနှင့် စိုးရိမ်မှုများကို အောက်တွင် ဖော်ပြပေးပါ-

| | |
|---|---|
| **အထက်ပါဖော်ပြချက်က မှန်ကန်ကြောင်း ကျွန်ုပ် တရားဝင်ကြေညာပါသည်။** | |
| ဝန်ဆောင်မှုရယူသူအမည် (အပြည့်အစုံ) | ဝန်ဆောင်မှုရယူသူ ID နံပါတ် |
| ဝန်ဆောင်မှုရယူသူ၏ လက်မှတ် | ရက်စွဲ |
| **ကျွန်ုပ်သည် ဤဖောင်၏ မိတ္တူကို ဝန်ဆောင်မှုရယူသူထံ ပေးထားပါသည်။** | |
| လုပ်သား၏ လက်မှတ် | ရက်စွဲ |
| အုပ်ထိန်းခွင့်မရှိသောမိဘ အမည် | ဝန်ဆောင်မှုရယူသူ ID နံပါတ် |
| ကလေးအမည် | ဝန်ဆောင်မှုရယူသူ ID နံပါတ် |
| ကလေးအမည် | ဝန်ဆောင်မှုရယူသူ ID နံပါတ် |
| ကလေးအမည် | ဝန်ဆောင်မှုရယူသူ ID နံပါတ် |

**စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာမှု လုပ်ငန်းစဉ်**

1. သင့်ကိစ္စရပ်ကို ပြန်လည်သုံးသပ်မှုအတွက်၊ CSD ထံ 1-877-501-2233 သို့ ဖုန်းခေါ်ပါ။
2. စီမံအုပ်ချုပ်မှုဆိုင်ရာ ကြားနာမှုကို တောင်းဆိုရန် ရက်ပေါင်း 90 အတွင်းတွင် CSD ထံ ဆက်သွယ်ပါ သို့မဟုတ် Office of Administrative Hearings (ကြားနာမှုစီမံခန့်ခွဲရေးရုံး)၊, PO Box 42489, Olympia, WA 98504-2489 သို့ စာရေးပို့ပါ။ ကြားနာမှုဆုံးဖြတ်ချက်က အတည်မဖြစ်မချင်း DCS သည် သင်၏ကိစ္စရပ်နှင့်ပတ်သက်၍ စတင်လုပ်ဆောင်မည်မဟုတ်ပါ။

   ကြားနာမှုတွင် သင်ရွေးချယ်သော ရှေ့နေ သို့မဟုတ် အခြားသူက သင့်ကို ကိုယ်စားပြုပေးနိုင်ပါသည် သို့မဟုတ် သင်က သင့်ကိုယ်သင် ကိုယ်စားပြုနိုင်ပါသည်။

**ကျွန်ုပ်သည် ဥပဒေရေးရာအကြံပြုချက် သို့မဟုတ် ကိုယ်စားပြုမှုကို ရရှိနိုင်ပါသလား။**

သင်သည် ပြည်နယ်အနှံ့ ဥပဒေရေးရာဝန်ဆောင်မှုများ ဖုန်းလိုင်းထံ 1-888-201-1014 သို့ ဖုန်းခေါ် နိုင်ပါသည်။